ပြည်သူ့စစ်မှုထမ်းကာလ (၂)နှစ်ကျော်လွန်သော်

- ရက်ပေါင်း(၃၀)အတွင်း အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ် ဆန္ဒပြုသူများ (ပညာအရည်အချင်း အလယ်တန်းအဆင့်၊ တက္ကသိုလ်ဝင်တန်းအောင်ပြီးသူ)
  - လက်ရှိအဆင့်ဖြင့် ဆန္ဒပြုမြို့၊ နေရာများ၌ တာဝန်ပေးမည်။
  - တပ်မတော် ရေလေနှင့် လက်ရုံးတပ်ဖွဲ့များအနက် နှစ်သက်ရာ၌ ခန့်အပ်မည်။
  - ပြည်သူ့စစ်မှုထမ်းသက် (၂)နှစ်အား စစ်သက်တွင် ထည့်သွင်းပေးမည်။
  - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်း ကျောင်းများသို့ ရွေးချယ်တက်ရောက်ခွင့်ရှိသည်။
  - အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၃)နှစ်ပြည်ပြီး အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့်တင်ပါက ဦးစားပေးဆောင်ရွက်ပေးသွားမည်။
- ရက်ပေါင်း (၃၀)ကျော်မှ အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ် ဆန္ဒပြုသူများ (ပညာအရည်အချင်း အလယ်တန်း အဆင့်၊ တက္ကသိုလ်ဝင်တန်း အောင်ပြီးသူ)
  - ခြေလျင်တပ်သားသစ်သင်တန်း ပြန်တက်ပြီး တပ်သားအဆင့်ဖြင့် ကျရာတပ်၊ ဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည်။
  - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက ကွန်ပျူတာနှင့် နည်းပညာ သိပ္ပံ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်း ကျောင်းများသို့ ရွေးချယ်တက်ရောက်ခွင့်ရှိသည်။
- ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းဟောင်းများအား ၇-၁၀-၂၀၂၆ ရက်နေ့မှ စတင်၍ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ အလုပ်လုပ်ကိုင်နိုင်ရေး အစိုးရမှကုမ္ပဏီများ သက်ဆိုင်ရာနိုင်ငံရှိ အစိုးရအဖွဲ့များနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။



စစ်မှုထမ်းခြင်းကာလပြီးဆုံး၍ စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပေးအပ်သည့်ပုံ



အိမ်အပြန်ခရီးတွင် ရပ်ရွာဒေသများမှ ကြိုဆိုနေကြပုံ



စစ်မှုထမ်းဆောင်ပြီး၍ မလေးရှားနိုင်ငံသို့ အလုပ်အကိုင်အတွက်စေလွှတ်စဉ်



နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၃၈ဖအရ "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်" ဟူသော တာဝန်တစ်ရပ်သည် နိုင်ငံသားတိုင်း၏ မွေးရာပါသမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။





ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒဿတာဝန်အရေးသုံးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် စစ်မှုထမ်းဆောင်နိုင်ရန်။

ပြည်သူ့စစ်မှုထမ်းများ အဆင့်တိုးမြှင့်ခြင်း

တက္ကသိုလ်ဝင်တန်း (စနစ်သစ် Grade 12၊ စနစ်ဟောင်း ၁၀ တန်း)
အောင်မြင်ပြီးသူများ

ပြည်သူ့စစ်မှုထမ်းသက် (၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်
အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ်ဖြင့်ခန့်အပ်မည်။
အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုးစည်းမျဉ်းစည်းကမ်းအတိုင်းခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဒီပလိုမာရရှိသူများ

ပြည်သူ့စစ်မှုထမ်းသက်(၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်
အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ် ခန့်အပ်ပြီး၊(၁)နှစ်အကြာ တပ်ကြပ်အဆင့် တိုးမြှင့်ပေးမည်။
အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်းအတိုင်း ခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဘွဲ့ရရှိသူများ

သင်တန်းဆင်းပါက - ဒုတိယတပ်ကြပ်
ပြည်သူ့စစ်မှုထမ်း(၁)နှစ်ပြည့်လျှင် - တပ်ကြပ်
အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - တပ်ကြပ်အဆင့်ဖြင့် ခန့်အပ်မည်။
အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်းအတိုင်း ခံစားခွင့်ရှိမည်။

ပြည်သူ့စစ်မှုထမ်းကာလ

- ❖ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော နိုင်ငံသားတိုင်း- ၂၄ လ
- ❖ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော နိုင်ငံသားများအနက် တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် အမှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသူများ - ၃၆ လ
- ❖ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော ကျွမ်းကျင်သူများ - ၃၆ လ
- ❖ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို (၅)နှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်သည်။

စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ

- ➢ အမျိုးသား - အသက် ၁၈ နှစ်မှ ၃၅ နှစ်
- ➢ ကျွမ်းကျင်သူအမျိုးသား - အသက် ၁၈ နှစ်မှ ၄၅ နှစ်

ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု ပညာတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုလိုသည်။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း

- သာသနာ့ဝန်ထမ်းများ။
- အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးများလည်း ပါဝင်ပါတယ်)
- ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူများ။
- တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ

- ❖ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့်စရိတ်အတိုင်း ခံစားခွင့်ရရှိစေရမည်။
- ❖ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့လျှင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့် အကျိုးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်များ ရရှိစေရမည်။
- ❖ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန် ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်သည်။
- ❖ ပုဒ်မ ၃ နှင့် ၄ ပါ ပြည်သူ့စစ်မှုထမ်းကာလ ပြီးဆုံးသောအလုပ်သမားတစ်ဦးအား မူလထမ်းဆောင်ခဲ့သော အလုပ်အကိုင်(သို့မဟုတ်) အလားတူ အလုပ်အကိုင်တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ရှင်က ခန့်ထားရမည်။
- ❖ ပုဒ်မ ၃ အရ သတ်မှတ်ထားသောကာလ ပြည့်သည်အထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူတစ်ဦးသည် မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှုထမ်းခွင့်ပြုနိုင်သည်။
- ❖ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူများနှင့် အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူများကို အရေးပေါ် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်သည်။



သင်တန်းဆင်းစစ်ရေးပြအခမ်းအနားပုံ